# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 27 , 2023 | Volume 73, Number 17


၂၇.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၆၅ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၀၅၀၀၀ |
| ဒေါ်လာဈေး | = ၃၄၆၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၉.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၈.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၇.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၃.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၈၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၉၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၃.၂၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၀၉၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြစ်သားကြက်သွန်နီ အပင်စိုက်များ စတင်ထွက်ပေါ်နေပြီး ဈေးကောင်းရနေမှု အခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ လွန်ကျော်၊ ပေတော၊ စမြောင်ကျေးရွာများတွင် ရွှေဖလားမျိုး ကြက်သွန်နီများကို စိုက်ပျိုးကြသည်။ တစ်ဧကကုန်ကျစရိတ်မှာ ၃၀ သိန်းမှ ၄၀ သိန်းထိ ကုန်ကျပြီး၊ စိုက်ခင်းများ ရောဂါပိုးဝင်လျှင် သွင်းအားစုပိုများ၍ ရောဂါပိုးမရှိလျှင် အကုန်အကျသက်သာပြီး သွင်းအားစုနည်းကြောင်း ကြက်သွန်နီစိုက်တောင်သူများထံမှ သိရသည်။

ယခုအခါ တော်သလင်းလဆန်းပိုင်းကစိုက်သော အပင်စိုက်ကြက်သွန်နီများ စတင်ထွက်ပေါ်နေပြီး၊ ပွဲစား၊ ကုန်သည်များမှ ကျေးရွာစိုက်ခင်းများအထိဆင်း၍ ဝယ်ယူနေပြီး၊ တစ်ပိဿာလျှင် တောဈေး ၂၅၀၀ မှ ၂၈၀၀ နှုန်းဖြင့်ဝယ်ယူနေကြောင်း၊ တစ်ဧကအထွက်နှုန်း ပျမ်းမျှကုန်ချိန် ၂၅၀၀ မှ ၃၀၀၀ နှုန်းထွက်ရှိကြောင်း ပွဲစားများမှ ဝယ်ယူသော ကြက်သွန်နီများကို ကျောက်ဆည်နှင့် မန္တလေးပွဲရုံများသို့ တင်ပို့ကြောင်း၊ ယခုနှစ်တွင် သွင်းအားစုများ မြင့်တက်သော်လည်း ဈေးကောင်းရရှိသောကြောင့် အကျိုးအမြတ်များစွာရရှိကြောင်း ပေတောကျေးရွာ ကြက်သွန်နီစိုက်တောင်သူ ဦးဇော်ဝင်းထွန်း၏ ပြောပြချက်အရသိရသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အရှိန်အဟုန်မြှင့်တင်တော့မည်

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် မြန်မာ-တရုတ်ပူးပေါင်း၍ ဖက်စပ်ဖွဲ့စည်းထားသော ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကုမ္ပဏီလီမိတက် (စီမံကိန်းကုမ္ပဏီ)တို့အကြား လုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူစာချုပ် (Concession Agreement) ကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ချုပ်ဆိုခဲ့သည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းကို ဆောလျင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စာချုပ်ပါအချက်အလက်အချို့အား မြန်မာ-တရုတ်နှစ်ဘက်လုံး၏ လုပ်ပိုင်ခွင့်အာဏာနှင့်တာဝန်ဝတ္တရားများကို ပို၍ရှင်းလင်းအောင်သတ်မှတ်နိုင်ရန် လိုအပ်သဖြင့်လည်းကောင်း၊ ယခင်လုပ်ငန်းလုပ်ကိုင်ခွင့်သဘောတူစာချုပ် (Concession Agreement) အပေါ် ပိုမိုရှင်းလင်းတိကျစွာ နားလည်သဘောပေါက်ရန်လိုအပ်သဖြင့်လည်းကောင်း၊ နှစ်ဖက်ညှိနှိုင်း


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။ ညှိနှိုင်းဆွေးနွေးချက်များအရ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကုမ္ပဏီလီမိတက်၏ တရားဝင်ကိုယ်စားလှယ်တို့အကြား နောက်ဆက်တွဲစာချုပ် (Addendum) အား သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းကို ဆောလျင်စွာစတင်နိုင်ရန် တွန်းအားပေးပါမည်။ ဤစီမံကိန်းသည် ကျောက်ဖြူဒေသအပါအဝင် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူနေမှုအဆင့်အတန်းကိုမြှင့်တင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရုံသာမက မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံကြား စီးပွားရေးနှင့်ကုန်သွယ်မှုပူးပေါင်း ဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်ပါမည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်ရေနက်ဆိပ်ကမ်းစီမံကိန်းသည် မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံထားသည့် အကြီးစားအခြေခံအဆောက်အအုံတိုးတက်ရေး စီမံကိန်းတစ်ခုဖြစ်သည်။ အဆိုပါစီမံကိန်းတွင် မြန်မာဘက်မှ အစုရှယ်ယာ ၃၀ ရာခိုင်နှုန်းနှင့် တရုတ်ဘက်မှ အစုရှယ်ယာ ၇၀ ရာခိုင်နှုန်းပါဝင်သည်။ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းအား အဆင့်လေးဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စုစုပေါင်း ဆိပ်ခံတံတားပေါင်း ၁၀ ခုဖြင့် နှစ်စဉ် ကုန်တင်ကုန်ချပမာဏ TEU ကွန်တိန်နာပေါင်း ၇၀,၀၀,၀၀၀ လက်ခံနိုင်ရန်လျာထားပြီး စီမံကိန်းပြီးစီးအောင်မြင်ပါက မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ ရေနက်ဆိပ်ကမ်းအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ ယင်းသည် အာရှ၊ အာဖရိကနှင့်ဥရောပတိုက်ကြီးများနှင့်ဆက်သွယ်မည့် ကုန်သွယ်မှုအချက်အချာနေရာတစ်ခုဖြစ်လာနိုင်ပြီး ကမ္ဘာသို့ တံခါးပေါက်ကြီး(Gateway)အသွင်ဖြင့် မြန်မာနိုင်ငံနှင့်ဒေသတွင်း၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။

မြန်မာ-တရုတ်နှစ်ဘက်လုံးသည် စီမံကိန်းဆိုင်ရာ ကနဦးလုပ်ငန်းများကို တက်တက်ကြွကြွလုပ်ဆောင်ရန် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၂၀၂၂ ခုနှစ်မှစတင်ကာ ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် ကနဦး ပထဝီမြေမျက်နှာ သွင်ပြင်ဆိုင်ရာ တိုင်းတာစစ်ဆေးမှုလုပ်ငန်း(PGTS)နှင့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းလုပ်ငန်း(ESIA)တို့ကို လုပ်ဆောင်ခဲ့ရုံသာမက ကမ္ဘာပေါ်၌နာမည်ကျော်ကြားသော ကနေဒါနိုင်ငံအခြေစိုက် စီမံကိန်းစီမံခန့်ခွဲမှုကုမ္ပဏီ HATCH အား စီမံကိန်းအတိုင်ပင်ခံအဖြစ် ခန့်အပ်ထားပြီး ၎င်း၏အကူအညီဖြင့် ကန်ထရိုက်တာများ ရွေးချယ်ခြင်းနှင့် စီမံကိန်းဧရိယာဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ကနဦး ပထဝီမြေမျက်နှာသွင်ပြင်ဆိုင်ရာ တိုင်းတာစစ်ဆေးမှုလုပ်ငန်း (PGTS)ကို ပြီးစီးပြီဖြစ်ရာ သက်ဆိုင်သည့် ပထဝီ မြေမျက်နှာသွင်ပြင်ဆိုင်ရာ နည်းပညာအစီရင်ခံစာများသည် စီမံကိန်းနောက်ဆက်တွဲဒီဇိုင်းရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်း အတွက် ခိုင်မာသောအခြေခံအုတ်မြစ်ကို ချပေးနိုင်မည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ အကျိုး သက်ရောက်မှုဆန်းစစ်ခြင်းလုပ်ငန်း(ESIA)သည် စီမံကိန်း၏အနာဂတ်တည်ဆောက်မှုနှင့် လည်ပတ်မှုလုပ်ငန်းစဉ်တို့ကြောင့် ဖြစ်လာနိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို ခွဲခြမ်းစိတ်ဖြာပြီး အကဲဖြတ်ရန်နှင့် ဆိုးကျိုးသက်ရောက်မှုများကိုတားဆီးရန် သို့မဟုတ် လျော့ပါးသက်သာစေရန် အစီအမံများချမှတ်ရေးအတွက် ရည်ရွယ်သည်။ စီမံကိန်းကုမ္ပဏီသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအား တင်းတင်းကြပ်ကြပ်လိုက်နာပြီး နိုင်ငံတကာ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းဖြင့် ပြည်တွင်းအတွေ့အကြုံနှင့် နိုင်ငံတကာအမြင်များပြည့်ဝသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုဆန်းစစ်ခြင်းလုပ်ငန်း(ESIA) အတိုင်ပင်ခံကုမ္ပဏီအား ခန့်အပ်ထားခြင်းလည်းဖြစ်သည်။ ၂၀၂၂ ခုနှစ် ဧပြီလမှစတင်၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းလုပ်ငန်း(ESIA) အတိုင်ပင်ခံကုမ္ပဏီသည် ရေနက်ဆိပ်ကမ်း စီမံကိန်းဝန်းကျင်ရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေခံအခြေအနေများကို သိရှိနားလည်နိုင်စေရန် လေ့လာဆန်းစစ်ခြင်းနှင့် အများပြည်သူပူးပေါင်းပါဝင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ် (public participation activities)များကို ဆက်တိုက်လုပ်ဆောင်ခဲ့ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဒေသခံများ၏ စိုးရိမ်ပူပန်မှုများကို မှတ်တမ်းတင်ရယူခဲ့ကြသည်။ လက်ရှိတွင် သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းလုပ်ငန်း(ESIA) သည်လည်း စီမံကိန်း၏ နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းအဆင့် လုပ်ငန်းများအားပြီးစီးပြီဖြစ်ရာ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းအစီရင်ခံစာ (Scoping Report) သည် မြန်မာနိုင်ငံ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အတည်ပြုချက်အား ရရှိထားပြီးဖြစ်ပါသည်။ ESIA ၏ နောက်ဆက်တွဲလုပ်ငန်းများအား မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများနှင့်နိုင်ငံတကာ အကောင်းဆုံး လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာဆောင်ရွက်သွားမည်ဖြစ်သည်။ ကျောက်ဖြူရေနက်ဆိပ်ကမ်းအား စိမ်းလန်း၍ ခေတ်မီသော ဆိပ်ကမ်းတစ်ခုဖြစ်လာစေရေးအတွက် တွန်းအားပေးရန် ရည်ရွယ်သည်။

ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း တိုးတက်ဆောင်ရွက်ရာတွင် "PPP" ("People၊ Prosperity၊ Planet") ဖြစ်သော ပြည်သူလူထုအကျိုးစီးပွားမြှင့်တင်မှု၊ ချမ်းသာကြွယ်ဝမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းစသည့် အခြေခံမူကြီး ၃ ချက် အပေါ်မှာမူတည်ပြီး အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းဆိုင်ရာလုပ်ငန်းများကို တက်တက်ကြွကြွ ဆောင်ရွက်နေချိန်တွင် မြန်မာ-တရုတ်နှစ်ဘက်လုံးသည် ကျောက်ဖြူဒေသခံများ၏ လူနေမှုဘဝများ တိုးတက်မြှင့်တင်ပေးနိုင်ရန် အထူးအလေးထားဆောင်ရွက်လျက်ရှိပါသည်။ ကျောက်ဖြူဒေသ၌ ကျေးလက်ရန်ပုံငွေစီမံကိန်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းများ၊ ရွှေလျားဆေးခန်းစီမံကိန်း၊ ဒီရေတောစိုက်ပျိုးခြင်းစီမံကိန်း အစရှိသည့်လူမှုအကျိုးပြုစီမံကိန်း ၁၀ ခု ကျော်အား တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ကြပြီး အဆိုပါစီမံကိန်းများမှ ဒေသခံ ထောင်ပေါင်းများစွာအကျိုးခံစားခဲ့ရပါသည်။ စီမံကိန်း၏ အနာဂတ်တည်ဆောက်ရေးနှင့်လည်ပတ်ရေးအဆင့်များတွင်လည်း ပြည်တွင်းပြည်ပ လူမှုအကျိုးပြုမိတ်ဖက်အဖွဲ့အစည်းများအား ဆက်လက်၍ဖိတ်ခေါ်လက်တွဲကာ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ခြင်းစသည့် ပြည်သူများ လိုအပ်နေသော နယ်ပယ်များတွင် အားထုတ်ဆောင်ရွက်သွားမည်။ စီမံကိန်းကုမ္ပဏီအနေဖြင့် စီမံကိန်းတည်ဆောက်ရေးအဆင့်၏ ပထမ ၅ နှစ်တွင် နှစ်စဉ်နှစ်တိုင်း အမေရိကန်ဒေါ်လာ ၁၀,၀၀,၀၀၀၊ လည်ပတ်ရေးအဆင့်တွင် နှစ်စဉ်နှစ်တိုင်း အမေရိကန်ဒေါ်လာ ၅,၀၀,၀၀၀ ကို ထည့်ဝင်ပြီး CSRနှင့် လူမှုအကျိုးပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်မည်။ လူမှုအကျိုးပြု CSR လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံတို့၏လိုအပ်ချက်များနှင့်ကိုက်ညီစေရန် ဒေသခံအဝန်းအဝိုင်း၏ ညီညွတ်မှုတစွာ ပါဝင်မှုကိုဖိတ်ခေါ်လိုပြီး အကျိုးသက်ဆိုင်သူများ၏ ထင်မြင်ယူဆချက်များနှင့်အကြံပြုချက်များကိုလည်း သေချာစွာ နားထောင်လိမ့်မည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်းတည်ဆောက်မှုနှင့်အတူ စက်မှုဥယျာဉ်စီမံကိန်းကိုပါ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စက်မှုဥယျာဉ် စီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း သောင်းနှင့်ချီ၍ ရရှိမည်ဖြစ်ကာ စီမံခန့်ခွဲမှုဆိုင်ရာ နေရာအများစုကို မြန်မာနိုင်ငံသားများအား ခန့်အပ်လုပ်ကိုင်စေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ အတွက် ရင်းနှီးမြှုပ်နှံမှုကို အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာဖြင့် ဆွဲဆောင်နိုင်မှာဖြစ်ပြီး နိုင်ငံတော်အတွက် များပြားသော အခွန်ငွေများဖန်တီးပေးကာ ပတ်ဝန်းကျင်ရှိ upstream နှင့် downstream လုပ်ငန်းများအား မြှင့်တင်ပေးနိုင်တဲ့အတွက် မြန်မာနိုင်ငံတစ်ပြည်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူပြည်သားတစ်ဦးချင်းစီ GDP ကို မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံရခိုင်တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် မြန်မာနိုင်ငံမှလုပ်ငန်းအတွေ့အကြုံများရှိပြီး အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နိုင်မည့် တိုင်းရင်းသား စီးပွားရေး လုပ်ငန်းရှင်များကိုပါ ဖိတ်ခေါ်၍ စီမံကိန်းကုမ္ပဏီနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်သွယ်ရန် – စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မြန်မာအထူးစီးပွားရေးဇုန်ရေးရာဌာနခွဲ

ဆက်သွယ်ရန်ဖုန်း – ၀၆၇၃၄၀၈၆၄၈

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဒီဇင်ဘာ ၁၈ ရက်မှ ၂၂ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူ ဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၄၈၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၄၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၄၀၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၄၀၀ ၊ မြင်းခြံသစ်ရှယ် ကျပ် ၃၆၀၀ ၊ မြင်းခြံလတ်ကြီး ကျပ် ၃၀၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၈၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၉၀၀အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၀၀ နှင့် ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး ဆိပ်ဖြူလတ်ချော ကျပ် ၇၀၀၊ မြင်းခြံရှယ် ကျပ် ၄၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၄၀၀၊ မြင်းခြံ လတ်သန့် ကျပ် ၄၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၁ စီး (၅၄၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၈၈ စီး (၅၂၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၃ စီး (၁၈,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၂,၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၅၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၆,၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၆,၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၇,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်၂၂၀၀ (၆၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၉၀၀ (၅၇,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၃၀၀ (၉၀,၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဈေးကွက်ဦးမော့လာသည့် သကြား၊ ပြောင်း၊ နှမ်း

အယ်နီညိုရာသီဥတုကို ရင်ဆိုင်ရန်ပြင်ဆင်နေသည့် အာဆီယံနိုင်ငံအချို့၏ ဝယ်လိုအားကမ်းလှမ်းချက်များကြောင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များဖြစ်သော သကြား ၊ ပြောင်း ၊ နှမ်းဈေးကွက် ပြန်လည်ဦးမော့လာပါတယ်။

ဗီယက်နမ်နိုင်ငံ၏ သွင်းကုန်အခွန်သက်သာခွင့်ကြောင့် တင်ပို့ရောင်းချရေးတိုးမြှင့်မည့် သကြား၊ ထိုင်း၊ တရုတ်၊ ဗီယက်နမ်နိုင်ငံတို့နှင့် နားလည်မှုစာချွန်လွှာရေးထိုးနိုင်ခဲ့သော ပြောင်း၊ တရုတ်နိုင်ငံမှဝယ်လိုအားရှိနေသော နှမ်းတို့က လက်တလော ပြည်တွင်းဈေးကွက်မှာ ဈေးအတက်ဘက်ကို ဦးတည်နေပါတယ်။

### သကြားဈေးကွက်

နိုင်ငံတကာဈေးကွက်တွင် သကြားဈေးမြင့်တက်ချိန် နိုင်ငံအတွင်း သကြားလက်ကျန်နည်းနေခြင်းကြောင့် ပြည်တွင်း သကြားဈေးနှုန်းပါအနည်းငယ် လိုက်ပါမြင့်တက်လာပါတယ်။ ထို့ကြောင့် ရန်ကုန်ဈေးကွက်မှာ သကြားတစ်ပိဿာကို ၃၈၇၀ ကျပ်မှ ၃၉၀၀ ကျပ်ဈေးပေါက်လာနေပြီး လက်လီဈေးကွက်မှာ ၅၀၀၀ ကျပ်အထိ ရှိနေပါတယ်။ မြန်မာ့သကြားကိုဝယ်ယူဖို့ ဗီယက်နမ်နိုင်ငံ ကုမ္ပဏီတွေက ထပ်မံကမ်းလှမ်းတာတွေရှိလာလို့ ဒီနှစ်မှာ ပြည်ပကို သကြားတင်ပို့မှုအပိုင်း အရင်နှစ်ကထက် ပိုတိုးပြီးပို့ဆောင်ဖို့ မျှော်မှန်းထားပါတယ်။

ပြည်ပကို သကြားတင်ပို့မှုမြင့်တက်လာမှုနဲ့အတူ မြန်မာ့သကြားဈေးကလည်း အများကြီးကျဆင်းနိုင်ဖွယ်မရှိသလို ထပ်မံမြင့်တက်လာနိုင်ဖွယ်လည်းမရှိကြောင်း၊ ပြည်ပတင်ပို့ရာမှာလည်း ပြည်တွင်းစားသုံးမှုဖူလုံပြီး ပိုလျှံသည့် ပမာဏကိုသာ တင်ပို့တာဖြစ်လို့ ပြည်တွင်းလိုအပ်ချက်လည်းပြည့်မီမှာဖြစ်တယ်လို့ သိရပါတယ်။ မြန်မာ့သကြားဈေးကွက်ဟာ ကမ္ဘာ့သကြားဈေးအတက်အကျနဲ့ ပြည်တွင်းသကြားလက်ကျန် အနည်းအများအပေါ်မူတည်ပြီးသာ ဈေးနှုန်းအပြောင်းအလဲရှိနေတာ ဖြစ်ပါတယ်။

**ပြောင်းဆန်စျေးကွက်**

မြန်မာ့ပြောင်းဆန်စျေးနှုန်းက ပို့ကုန်ရငွေ ၃၅ ရာခိုင်နှုန်းကိုသာ ဗဟိုဘဏ်သတ်မှတ်ငွေလဲနှုန်း ၂၁၀၀ ရာနဲ့လဲလှယ်ဖို့ ဖြေလျှော့မှုအပြီးမှာ စျေးပြန်တက်လာပါတယ်။ ထို့ကြောင့်အရင်က ပြောင်းဆန်တစ်ပိဿာကို ၁၀၅၀ မှ ၁၀၇၀ စျေးတန်း ရှိရာကနေ လက်ရှိရန်ကုန်ဘုရင့်နောင်စျေးကွက်မှာ ပြောင်းဆန်တစ်ပိဿာကို ၁၁၀၀ မှ ၁၁၂၀ ကျပ် စျေးပေါက်လာပြီး စျေးတက်လာတာဖြစ်ပါတယ်။ ဗဟိုဘဏ်ဖြေလျှော့မှုအပြီးမှာ မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်တွေအသင်းနဲ့ ဗီယက်နမ်၊ ထိုင်း၊ တရုတ်က ကုမ္ပဏီ ၇ ခုအကြား ပြောင်းတန်ချိန် ၇ သိန်းတင်ပို့ဖို့လည်း MOU ရေးထိုးခဲ့ပါတယ်။ နှစ်စဉ်ပြောင်းစျေးကွက် အခြေအနေအရ ဒီဇင်ဘာလကုန်နှစ်ဆန်းပိုင်းအချိန်ဟာ ပြောင်းစျေးကွက်လှုပ်ခတ်လေ့ရှိတာကြောင့် မကြာခင် ပြောင်းစျေးကွက်က ထပ်ပြီးတက်လာနိုင်တယ်လို့ ပြောင်းကုန်သည်တွေက သုံးသပ်ပါတယ်။ ဗဟိုဘဏ်ကသာ ပို့ကုန်ရငွေ အပေါ် ၃၅ ရာခိုင်နှုန်း-၆၅ ရာခိုင်နှုန်းစနစ်ကိုသာ ပယ်ဖျက်ပြီး လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုလျှင် ပြောင်းဆန်စျေးကွက် ပိုပြီးတက်လာနိုင်သလို ထိုင်းကိုပြောင်းတင်ပို့မဲ့ အခွန်ကင်းလွတ်ခွင့်ကာလဖြစ်တဲ့ ဖေဖော်ဝါရီမှာ မြဝတီလမ်းကြောင်း ပြန်ပွင့်ပြီး နယ်စပ်လမ်းကြောင်းကနေ တင်ပို့နိုင်မယ်ဆိုရင် ပြောင်းစျေးက အမြင့်ဆုံးကို ပြန်ရောက်လာနိုင်မယ်လို့ သုံးသပ်ကြ ပါတယ်။ နယ်စပ်လမ်းကြောင်းကသာ တင်ပို့ခွင့်မရရှိပါက ပင်လယ်ရေကြောင်းတစ်ခုတည်းကပဲ တင်ပို့နိုင်မှာဖြစ်လို့ ပြောင်းစျေးကွက်က စောင့်ကြည့်ရမယ့်အခြေအနေဖြစ်တယ်လို့ သိရပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာတော့ ပြောင်းဆန် တစ်ပိဿာကို ၉၀၀ ကျော်၊ ရှမ်းမြောက်မှာတော့ တစ်ပိဿာကို ၇၀၀ ကျော်သာ စျေးပေါက်နေတယ်လို့ သိရပါတယ်။

**နှမ်းစျေးကွက်**

ပြည်တွင်းနှမ်းမျိုးစုံစျေးကွက်မှာ နှမ်းစမုံနက်၊ နှမ်းဖြူရိုးရိုးနဲ့ နှမ်းညိုကစျေးတက်လာပြီး နှမ်းဖြူဂျပန်ကတော့ စျေးတန်း ငြိမ်နေတယ်လို့ ကုန်စည်ဒိုင်တွေက သိရတယ်။ နှမ်းဖြူကိုလည်း တရုတ်က အခွံချွတ်လုပ်ကိုင်သူတွေက ဝယ်ယူမှုရှိတာကြောင့် စျေးတန်းကထပ်တက်လာတာဖြစ်တယ်လို့ ကုန်သည်အချို့ကပြောပါတယ်။ နှမ်းနက်စမုံကို တရုတ်ဝယ်လက် တွေက ဝယ်ယူမှု ရှိပေမဲ့ လတ်တလောမှာ အရည်အသွေး၊ အရောင်၊ အက်ဆစ်လွတ်တဲ့နှမ်းကိုသာ ရွေးချယ်ပြီးဝယ်ယူနေတဲ့အပြင် စျေးချဝယ်ယူ လာတာကြောင့် စျေးပြန်ကျလာတာဖြစ်ပါတယ်။ မန္တလေးစျေးကွက်မှာ နှမ်းစမုံနက် ၄၅ ပိဿာ တစ်အိတ်ကို ၃,၆၅,၀၀၀ ကျပ်၊ နှမ်းဖြူရိုးရိုးကတော့ ၄၅ ပိဿာ တစ်အိတ်ကို ၃,၄၀,၀၀၀ ကျပ် ၊ နှမ်းညိုက ၂,၈၀,၀၀၀ ကျပ် စျေးဖြစ်လာလို့ တစ်အိတ်ကို ၅၀၀၀ ကျပ်စီပြန်တက်လာတာဖြစ်ပါတယ်။ နှမ်းဖြူဂျပန်ကတော့ တစ်အိတ်ကို ၃,၆၀,၀၀၀ မှ ၃,၆၅,၀၀၀ ကျပ်နဲ့ အရင်စျေးတန်းမှာပဲ ငြိမ်နေပါတယ်။

နှမ်းကို တရုတ်ဘက်ကိုတင်ပို့မှုအနေနဲ့ တာချီလိတ်ကနေတဆင့် တရုတ်ဘက်ကို နယ်စပ်လမ်းကြောင်းကနေသာ တင်ပို့ နေကြတာဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိမှာ မိုးနှမ်းအသစ်တွေက အညာဘက်ကနေသာ ဝင်ရောက်မှုရှိနေတာဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး အခြေအနေတွေကြောင့် မန္တလေးစျေးကွက်ကို ဝင်ရောက်မှုနည်းနေတဲ့အတွက် စျေးတန်းကတက်မဲ့ အလားအလာရှိတယ်လို့ ကုန်သည်တွေက ခန့်မှန်းထားကြပါတယ်။

**Source:** https://greenwaymyanmar.com/posts/sugar_corn_sesame_market_info_dec_26

## မန္တလေးကုန်စည်ဒိုင် နှမ်းမျိုးစုံစျေးနှုန်း စျေးကွက်အခြေအနေ

မန္တလေးကုန်စည်ဒိုင်သို့ ဒီဇင်ဘာ နောက်ဆုံးပတ်အတွင်း နှမ်းမျိုးစုံစျေးကွက်ထဲ ဝင်ရောက်မှု နည်းလာကြောင်း သိရသည်။ နှမ်းမျိုးစုံစျေးကွက်တွင် နှမ်းဖြူနှင့် နှမ်းနက် (စမုံ) စျေး အနည်းငယ်မြင့်တက်နေပြီး၊ နှမ်းညိုစျေးအေးနေခြင်းမှာ ပြည်တွင်းစျေးကွက် ဝယ်ယူမှုအေးခြင်းကြောင့် စျေးအေးနေကြောင်း မန္တလေးကုန်စည်ဒိုင်စျေးကွက်မှ သိရသည်။

**နှမ်းနက်(စမုံ)** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃,၁၀,၀၀၀ မှ ၃,၅၅,၀၀၀ ၊ ၊ ယခင်တစ်ပတ်ကျပ် ၃,၁၀,၀၀၀ မှ ၃,၅၅,၀၀၀ ၊ ယခင်လကျပ် ၂,၉၅,၀၀၀ မှ ၃,၃၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် အတိုင်း စျေးငြိမ်နေပြီး၊ ယခင်လထက် ၁၅,၀၀၀ မှ၂၅,၀၀၀ မြင့်တက်လာသည်။

**နှမ်းဖြူ(ရိုးရိုး)** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၃,၂၀,၀၀၀ မှ ၃,၄၀,၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၃,၀၀,၀၀၀ မှ ၃,၃၀,၀၀၀၊ ယခင်လကျပ် ၃,၂၀,၀၀၀ မှ ၃,၄၅,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၀,၀၀၀ မှ

၂၀,၀၀၀ ၊ ယခင်လထက်ကျပ် ၅၀၀၀ နိမ့်ကျလာသည်။

**နှမ်းဖြူ(ဂျပန်)** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၃,၆၀,၀၀၀ မှ ၃,၆၅,၀၀၀ ၊ ယခင်တစ်ပတ်ကျပ် ၃,၆၀,၀၀၀ မှ ၃,၆၅,၀၀၀၊ ယခင်လကျပ် ၃,၆၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် အတိုင်းဈေးငြိမ်နေပြီး၊ ယခင်လထက်ကျပ် ၅,၀၀၀ မြင့်တက်လာသည်။

**နှမ်းညို** ၄၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂,၇၀,၀၀၀ မှ ၂,၇၅,၀၀၀ ၊ ယခင် တစ်ပတ်ကျပ် ၂,၇၅,၀၀၀ မှ ၂,၈၀,၀၀၀ ၊ ယခင်လကျပ် ၂,၈၀,၀၀၀ မှ ၂,၈၅,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅,၀၀၀ ၊ ယခင်လထက် ကျပ် ၁၀,၀၀၀ နိမ့်ကျလာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဒီဇင်ဘာ ၁၈ ရက်မှ ၂၂ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၉၇၀၀၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၃၂၃၅၀၀၀ နှင့် ပဲစင်းငုံ Red/RC(2023 Crop) ကျပ် ၁၀၄၀၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၃၅၀၀၀ ၊ မတ်ပဲSQ/RC (2023 Crop) ကျပ် ၅၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop ) ကျပ် ၁၃၅၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၃၅ လုံး ( တန်ချိန် ၈၄၀) နှင့် မတ်ပဲSQ/RC(2023 Crop) ကွန်တိန်နာ ၁၀လုံး( တန်ချိန် ၂၄၀ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၂၅ လုံး(တန်ချိန် ၆၀၀) နှင့် မတ်ပဲSQ/RC(2023 Crop) ကွန်တိန်နာ ၅လုံး(တန်ချိန် ၁၂၀ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2023 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) နှင့် မတ်ပဲSQ/RC (2023 Crop) ကွန်တိန်နာ ၅လုံး ( တန်ချိန် ၁၂၀ )လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရွှေတောင်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၉၀၀၀၊ မြားနီ ကျပ် ၉၀၀၀၊ အိမ်မဲ ကျပ် ၆၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၀၀၀ ဈေး အသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၂၂၀၀ (၄၄၀၀၀ ပိဿာ)နှင့် ငရုတ်ပုအိတ်ပေါင်း ၂၀၀ ( ၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၂၁၀၀ (၄၂၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၃၀၀ (၄၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၁၀၀ (၂၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ပြီး ငရုတ်ပု အိတ်ပေါင်း ၁၀၀ ( ၁၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၂၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာ နှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၄၆၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၈၀၀၊ ပခုက္ကူကြိမ်း ကျပ် ၄၉၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၅၉၀၀၊ ကြံသကာ(စစ်) ကျပ် ၄၃၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၉၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## မန္တလေးကုန်စည်ဒိုင် ပြောင်းဖူးစေ့ဈေးနှုန်း ယခင်တစ်ပတ်ထက် ဈေးမြင့်လာ

အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ အညာဒေသဘက်မှ ပြောင်းဖူးစေ့များ ဝင်ရောက်လျက်ရှိနေသည်။ ပြည်ပဝယ်လက်မှ ဝယ်ယူမှုရှိခြင်း၊ မွေးမြူရေး အစာစက်ရုံများမှ ဝယ်ယူမှုရှိခြင်းတို့ကြောင့် ပြောင်းဖူးစေ့ဈေးနှုန်း မြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

**ရှမ်းပြောင်းဖူးစေ့** ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၅၆,၀၀၀ မှ ၅၅,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၄၀၀၀၊ ယခင်လ ကျပ် ၅၃,၅၀၀ မှ ၅၂,၅၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀ မှ ၂၀၀၀၊ ယခင်လထက် ကျပ် ၂၅၀၀ မြင့်တက်လာသည်။

**စီပီပြောင်း** ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၆,၀၀၀ မှ ၅၅,၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၅၃,၅၀၀ မှ ၅၄,၀၀၀၊ ယခင်လ ကျပ် ၅၂,၅၀၀ မှ ၅၃,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၅၀၀ မှ ၂၀၀၀၊ ယခင်လထက်ကျပ် ၂၅၀၀ မှ ၃၀၀၀ မြင့်တက်လာသည်။

**ဗမာပြောင်းဖူးစေ့** ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၃,၀၀၀ မှ ၅၄,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၁,၀၀၀ မှ ၅၂,၀၀၀ ၊ ယခင်လ ကျပ် ၅၁,၀၀၀ မှ ၅၂,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ ၊ ယခင်လထက် ကျပ် ၂၀၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှုးရုံး**

## မြေပဲဆန်ဈေး တစ်ရိပ်ရိပ်တက်နေမှု အခြေအနေ


မကွေးတိုင်းဒေသကြီးသည် ဆီထွက်သီးနှံများ အများဆုံးစိုက်ပျိုးသည့် တိုင်းတစ်တိုင်းဖြစ်သည်နှင့်အညီ ဆီအိုးကြီးဟုပင် တင်စားခေါ်လောက်သည်အထိ စိုက်ပျိုးထွက်ရှိပါသည်။ ဆီထွက်သီးနှံတစ်ခုဖြစ်သည့် မြေပဲသီးနှံသည် ယခင်နိုဝင်ဘာလတွင် ဈေးကျဆင်းနေပြီး ယခုဒီဇင်ဘာလတွင် တရုတ်ဝယ်လိုအားကြောင့် ဈေးတစ်ရိပ်ရိပ်တက်နေကာ အရောင်းအဝယ်လည်း သွက်နေပါသည်။

ယခင်နိုဝင်ဘာလတွင် မြေပဲလုံးဆန်(နီ) တစ်ပိဿာလျှင် (၅၅၀၀/၅၆၀၀/၅၈၀၀/၅၉၀၀/၆၀၀၀) ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ မြေပဲလုံးဆန်(ဖြူ) တစ်ပိဿာလျှင် (၅၅၀၀/၅၆၀၀/၅၈၀၀/၅၉၀၀)ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။

ယခုဒီဇင်ဘာလတွင် မြေပဲလုံးဆန်(နီ) တစ်ပိဿာလျှင် (၅၅၀၀/၅၆၀၀/၅၈၀၀/၅၉၀၀/၆၀၀၀/၆၁၀၀/၆၇၀၀/၆၈၀၀/၇၀၀၀/၇၅၀၀) ဈေးများ၊ မြေပဲလုံးဆန်(ဖြူ) တစ်ပိဿာလျှင် (၅၅၀၀/၅၆၀၀/၅၈၀၀/၅၉၀၀/၆၀၀၀/၆၃၀၀/၆၅၀၀) ဈေးများအထိ အရောင်းအဝယ်ဖြစ်ခဲ့ကြပါသည်။ ယခင်လနှင့်ယခုလနှိုင်းယှဉ်ပါက မြေပဲဆန်တစ်ပိဿာလျှင် ကျပ်(၁၀၀၀) မှ (၁၅၀၀) အထိ ဈေးမြင့်တက်ကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်သတင်းအရ သိရှိရပါသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှုးရုံး**

## STOCK EXCHANGE (27.12.2023)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 27th Dec. 2023

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,831 (Shares) | 4,709,850 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +100 | +1.15% | 8,700 | 8,800 | 8,600 | 100 | 861,400 | 33,109,694 | 291,365 |
| MTSH | 00002 | 2,800 | -50 | -1.75% | 2,850 | 2,850 | 2,800 | 568 | 1,591,900 | 38,929,150 | 109,002 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 1,650 | +50 | +3.13% | 1,600 | 1,650 | 1,600 | 320 | 517,800 | 29,664,613 | 48,947 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 12,823,224 | 31,417 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 1,950 | 581 | 1,134,500 | 19,977,223 | 39,955 |
| AMATA | 00007 | 4,800 | +100 | +2.13% | 4,700 | 4,800 | 4,700 | 51 | 240,000 | 10,497,598 | 50,389 |
| MAEX | 00008 | 1,700 | +0 | +0.00% | 1,750 | 1,750 | 1,700 | 211 | 364,250 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 27th Dec. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.23 | +2.06 | +0.56% | 365.17 | 367.23 | 362.64 | 1,831 | 4,709,850 | 8 | 692,671 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 27th Dec. 2023

| Trading Volume | Trading Value |
|---|---|
| 1,831 (Shares) | 4,709,850 (MMK) |

## Main Board

As of 1:00 pm, 27th Dec. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,831 (Shares) | 4,709,850 (MMK) |

| MYANPIX | 367.23 ▲ 2.06 |
|---|---|
| Total Volume (shares) | 1,831 |
| Total Value (MMK) | 5 mil |
| Listed Company | 8 |
| Market Cap. (MMK) | 692,671 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 2,800 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 50 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 100 |
| MAEX | 00008 | 1,700 | ▲ 0 |